# သမတအိမ်တော်၊ ရန်ကုန်မြို့
# ၁၉၅၂ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေ။
# [၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၁။]
# ၁၃၁၄ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
# (၁၉၅၂ ခု၊ စက်တဘ်ာလ ၁၀ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖေါ် ပြပါအက်ဥပဒေကိုထုတ်ပြန်ကျေ ညာသည်။
အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ **အမည်တိုနှင့်အာဏာတည်သည့်နေ့ရက်**။ ။ (၁) ဤအက်ဥပဒေကို ၁၉၅၂ ခုနှစ်၊ ဘဏ္ဍာတော်အက် ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အာဏာတည်ရမည်။

၂။ ။ **အမြတ်တော်ခွန်နှင့် နောက်ထပ်အခွန်တော်**။ ။ (၁) ပုဒ်မခွဲ (၃)၊ (၄) နှင့် (၅) ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့က အစပြုမည့်နှစ်အတွက် အောက်ပါအတိုင်း အခွန်တော်စည်းကြပ်ရမည်-

(က) ဤအက်ဥပဒေ၏ ပဌမဇယားအပိုင်း ၁ တွင်၊ သီးခြားဖေါ် ပြထားသည့်နှုန်းများအတိုင်း အမြတ် တော်ခွန်နှင့်

(ခ) မြန်မာနိုင်ငံအမြတ်တော်ခွန်အက်ဥပဒေ ပုဒ်မ ၅၅ ပါကိစ္စများအလို့ငှါ၊ ဤအက်ဥပဒေ၏ပဌမဇယား အပိုင်း ၂ တွင်သီးခြားဖေါ် ပြထားသည့်နှုန်းများအတိုင်း နောက်ထပ်အခွန်တော်။

(၂) ၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် အခွန်တော်စည်းကြပ်ခြင်း၊ နုတ်ခြင်း၊ သို့တည်းမဟုတ် ပြန်ပေးခြင်း ပြုလုပ်ရာ၌ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေတွင် အလုပ်လုပ်၍ရသည့်ဝင်ငွေပါဝင်လျှင်၊ ထိုဝင်ငွေ၏ ၁၀ ပုံ ၁ ပုံနှင့်ညီမျှသောငွေကို၊ ထိုသူ၏စုစုပေါင်းဝင် ငွေမှ၊ မြန်မာနိုင်ငံအမြတ်တော်ခွန်အက်ဥပဒေ ပုဒ်မ ၁၅-ကပါပြဋ္ဌာန်းချက်များနှင့်အညီ နုတ်ရမည်။ သို့ရာတွင် ထိုသို့နုတ်သောကျပ်ငွေမှာ မည်သည့်အချက်တွင်မျှနှစ်ထောင်ထက်မပိုစေရ။ ထို့ပြင်စည်းကြပ် ခံရသူမှာ၊ ကုန်သည်အစုစပ်လုပ်ငန်းတွင်ပါဝင်သူဖြစ်လျှင်၊ ထိုကုန်သည်အစုစပ်လုပ်ငန်းအပေါ်တွင် အခွန်တော်စည်းကြပ်ရာ၌၊ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက် ခွင့်ပြုသမျှငွေကို အဆိုပါနုတ်ရမည့်ငွေ ထဲမှလျှော့ရမည်။ ထိုခွင့်ပြုသည့် ငွေမှာလည်းကုန်သည်အစုစပ်လုပ်ငန်း၏ အမြတ်ငွေများတွင် ထိုသူ၏ အမြတ်ဝေစုနှင့် သက်ဆိုင်သမျှသောငွေသာဖြစ်ရမည်။

(၃) ၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့်နှစ်အတွက် အခွန်တော်စည်းကြပ်ရာ၌၊ စည်းကြပ်ခံရသူ၏စုစုပေါင်းဝင်ငွေတွင် "လစာငွေများ" ဟူသောခေါင်းစဉ်အရ၊ စည်းကြပ်နိုင်သည့် ဝင်ငွေသော်၎င်း (ထိုဝင်ငွေမှာ၊ သက်ဆိုင်ရာ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက် နုတ်ထားသည့်အတိုင်း ဖြစ်သည်)။ "အာမခံစာချုပ်များအပေါ်တွင်အတိုး" ဟူသောခေါင်းစဉ်အရ၊ စည်းကြပ်နိုင်သည့် ဝင်ငွေ သော်၎င်း၊ ထည့်သွင်းထားသည့်အချက်တွင်၊ စည်းကြပ်ခံရသူ၏စုစုပေါင်း ဝင်ငွေအနက်၊ အဆိုပါထည့် သွင်းငွေများပါဝင်သော

အစိတ်အပိုင်းပေါ်တွင်၊ ထိုသူပေးရမည့်အမြတ်တော်ခွန်မည်ရွေ့မည်မျှ ဖြစ်ရမည် ဆိုသော်၊ ထိုသို့ပေးရမည့် အမြတ်တော်ခွန်နှင့် ထိုသူ၏ စုစုပေါင်းဝင်ငွေပေါ်တွင် ၁၉၅၁ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေဖြင့်စည်းကြပ်သည့်နှုန်းများအတိုင်းပေးရမည့် အမြတ်တော်ခွန်စုစုပေါင်းတို့၏ အချိုးအစားသည်၊ အဆိုပါထည့်သွင်းငွေများနှင့် ထိုသူ၏စုစုပေါင်းဝင်ငွေတို့၏ အချိုးအစားနှင့်တူညီစေရမည့်ငွေဖြစ်ရမည်။

(၄) ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့်နှစ်အတွင်း၊ ဆုံးဖြတ်ကျေညာသည့် အမြတ်ငွေများနှင့် စပ်လျဉ်း၍သော်၎င်း၊ ဆိုခဲ့သည့်နှစ်အတွင်းရထိုက်သော လစာငွေများ (ထုတ်ပေးပြီးသည်ဖြစ်စေ၊ ထုတ်မပေးရသေးသည်ဖြစ်စေ) အတွက်သော်၎င်း၊ ဆိုခဲ့သည့်နှစ်အတွင်း အာမခံစာချုပ်များပေါ်တွင် အတိုးပေးငွေများအတွက်သော်၎င်း၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၃) အရ၊ ပြန်ပေးငွေများဆိုင်ရာကိစ္စများအလို့ငှါ ပြန်ပေးငွေတောင်းဆိုသူ၏ စုစုပေါင်းဝင်ငွေနှင့် သက်ဆိုင်သည့်နှုန်းများ၏ ပျမ်းမျှရနှုန်းမှာ၊ ၁၉၅၁ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေအရ စည်းကြပ်သည့် နှုန်းများ၏ပျမ်းမျှရနှုန်းဖြစ်ရမည်။

(၅) မြန်မာနိုင်ငံအမြတ်တော်ခွန်အက်ဥပဒေ ပုဒ်မ ၁၇ နှင့်သက်ဆိုင်သောအချက်များတွင်၊ စည်းကြပ်ရ မည့်အခွန်တော်ကို၊ ထိုပုဒ်မတွင်ပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ရမည်။ သို့ရာတွင် ယင်းသို့သတ်မှတ် ခြင်းကို၊ ပုဒ်မခွဲ (၁)အရ စည်းကြပ်သည့်နှုန်းများအတိုင်းပြုလုပ်ရမည့်ပြင် ဤပုဒ်မ၏ပုဒ်မခွဲ (၃) နှင့် (၄) ပါပြဋ္ဌာန်းချက်များ နှင့်သက်ဆိုင်လျှင်၊ ၎င်းပုဒ်မခွဲ များနှင့်အညီပြုလုပ်ရမည်။

(၆) ဤပုဒ်မပါ ကိစ္စများအတွက်၎င်း၊ ဤပုဒ်မအရစည်းကြပ်သည့်အခွန်တော်နှုန်းများအတွက်၎င်း၊ "စုစုပေါင်းဝင်ငွေ" ဆိုသည့်စကားရပ်မှာ၊ မြန်မာနိုင်ငံအမြတ်တော်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ၊ အမြတ်တော်ခွန်၊ သို့တည်းမဟုတ် နောက်ထပ်အခွန်တော်ဆိုင်သင့်ရာရာ ကိစ္စများအတွက် သတ်မှတ်သည့်အတိုင်း စုစုပေါင်းဝင်ငွေကိုဆိုလိုသည်။ ထို့ပြင် "အလုပ်လုပ်၍ရသည့်ဝင်ငွေ" ဆိုသည့် စကားရပ်မှာ၊ ထိုအက်ဥပဒေ ပုဒ်မ ၂၊ အပိုဒ် (၆-က) တွင်၊ ထိုစကားရပ်ကို အဓိပ္ပါယ်ဖော် ပြထားသည့် အတိုင်းပင်ဖြစ်သည်။

၃။ ။ **အမြတ်တော်ခွန် စည်းကြပ်ရန်ဖြစ်စေ၊ ပြန်ပေးရန်ဖြစ်စေ၊ မည်သည့်ကာလအပိုင်းအခြားအတွင်း ဆောင်ရွက်ရမည့်အကြောင်း။** ။ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် ပြုလုပ်ရမည့်စည်းကြပ်ခြင်း၊ သို့တည်းမဟုတ် ပြန်ပေးခြင်းနှင့် စပ်လျဉ်း၍၊ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေမှာ၊ ထိုအက်ဥပဒေပုဒ်မ ၃၄၊ ၃၅ နှင့် ၅၀ တွင် "တနှစ်" ဆိုသည့်စကားရပ်ပါရှိသည့်နေရာ တိုင်း၌၊ ထိုစကားရပ်အစား "သုံးနှစ်" ဆိုသည့်စကားရပ်ကိုထည့်သွင်းထားဘိသကဲ့သို့ အဓိပ္ပါယ် ကောက်ယူရမည်။

၄။ ။ **ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်။** ။ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံး သည့်နှစ်အတွက်၊ မြန်မာနိုင်ငံအမြတ်တော်ခွန်အက်ဥပဒေအရ၊ အခွန်စည်းကြပ်ခြင်းနှင့် သက်ဆိုင် သောမည်သည့် အထက်နှစ်အတွက် မဆို ၁၉၄၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် အက်ဥပဒေပုဒ်မ ၄ အရ၊ စည်းကြပ်သောအခွန်တော်သည်၊ စည်းကြပ်ထိုက်သည့် အမြတ်အစွန်း၏ ဆယ့်ခြောက်နှင့်သုံးပိုင်းနှစ်ပိုင်းရာခိုင်နှုန်းနှင့်ညီမျှရမည်။

၅။ ။ **ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်စည်းကြပ်ရန်ဖြစ်စေ၊ မှားယွင်းချက်များပြင်ရန်ဖြစ်စေ၊ မည်သည့်ကာလအပိုင်းအခြားအတွင်း ဆောင်ရွက်ရမည့် အကြောင်း။** ။ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့်နှစ်အတွက်ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်အက်ဥပဒေမှာ၊ ထိုအက်ဥပဒေပုဒ်မ ၁၁ နှင့် ၁၅ တွင် "နှစ်နှစ်" ဆိုသည့်စကားရပ်ပါရှိသည့်နေရာတိုင်း၌ ထိုစကားရပ်အစား "သုံးနှစ်" ဆိုသည့်စကားရပ်ကိုထည့်သွင်း ထားဘိသကဲ့သို့ အဓိပ္ပါယ်ကောက်ယူရမည်။

၆။ ။ **စာပို့တိုက်နှုန်းများသတ်မှတ်ခြင်း။** ။ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစသော နှစ်အတွက်၊ ဤအက်ဥပဒေ၏ ဒုတိယဇယားကို၊ မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေတွင်၊ ထိုအက်ဥပဒေ ၏ပဉ္စမဇယားအဖြစ် ထည့်သွင်းရမည်။

၇။ ။ **၁၉၅၂-၅၃ ခုနှစ်မတိုင်မီက၊ ဘဏ္ဍာတော်နှစ်များအားလုံးအတွက် စည်းကြပ်သောအခွန်တော်များကို တွက်ချက်ရာတွင် ပဲနှင့်ပိုင်များကိုကျုပ်ဖွဲ့ခြင်း။** ။ ၁၉၅၂-၅၃ ခုနှစ်မတိုင်မီက မည်သည့်ဘဏ္ဍာတော်နှစ် အတွက်မဆို၊ စည်းကြပ်ခြင်းအားလုံးတွင်၊ အခွန်တော်ကို သက်ဆိုင်ရာဘဏ္ဍာတော်အက်ဥပဒေများဖြင့် စည်းကြပ်သည့်နှုန်းများအတိုင်း တွက်ချက်၍ တပဲလျှင် ၁၂ ပိုင်နှင့်တကျပ်လျှင် ၁၆ ပဲနှုန်းထားအရ ပဲနှင့် ပိုင်များကို ကျုပ်ဖွဲ့ရမည်။ တွက်ချက်၍ရသည့်အခွန်တော်တွင် ပဲများကိုသာ ပြဋ္ဌာန်းထားသည့်ပြားဖွဲ့ရန် အတွက် နှုန်းထားဇယားအတိုင်းပြားဖွဲ့ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၄ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၅၂ ခု၊ စက်တင်ဘာလ ၁၀ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၅၈]

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 02 အပိုင်း ၂။ နောက်ထပ်အခွန်တော်နှုန်းများ။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 03 ဒုတိယဇယား။ မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေတွင်ထည့်သွင်းရမည့်ဇယား။ [ပုဒ်မ ၆ ကိုကြည့်။] ချောစာများ။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 01 ပဥ္စမဇယား။ ၁၉၅၂-၅၃ ခု၊ ဘဏ္ဍာတော်နှစ်အတွက်၊ အမြတ်တော်ခွန်နှင့် နောက်ထပ်အခွန်တော်နှုန်းများ ဇယား။ [ပုဒ်မ ၂ ကိုကြည့်။] အပိုင်း ၁။ အမြတ်တော်ခွန်နှုန်းများ။